# ကြာအင်းဆိပ်ကြီးမြို့နယ်ဒေသဆိုင်ရာအချက်အလက်များ

## အခန်း(၁)

## နိဒါန်းနှင့်ဒေသသမိုင်း

**နိဒါန်း**

၁။ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာနအောက်ရှိ ဌာနတစ်ခုဖြစ်ပြီး တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး၊ နိုင်ငံတော်အစိုးရ၏မူဝါဒများ အကောင်အထည်ဖော်ရေး၊ ကောင်းမွန်သောအုပ်ချုပ်ရေးစနစ်ဖော်ဆောင်ရေးနှင့် ပြည်သူဗဟိုပြုဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရေးဟူသော ရည်မှန်းချက်တာဝန်များကို အောင်မြင်အောင်ဆောင်ရွက်လျက်ရှိပါသည်။ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် တာဝန်ထမ်းဆောင်ကြသည့် အဆင့်ဆင့်သောအရာထမ်း၊ အမှုထမ်းများသည် ရုံးချုပ်အဆင့်မှ အောက်ခြေ ရပ်ကွက်/ကျေးရွာအုပ်စုအဆင့်အထိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အသီးသီးတွင် တာဝန်ထမ်းဆောင်ကြရပြီး နိုင်ငံတော်အုပ်ချုပ်ရေးယန္တရား ချောမွေ့စွာလည်ပတ်ရေးတွင် ပါဝင်ဆောင်ရွက်ခြင်း၊ ဝန်ကြီးဌာန၏ရည်မှန်းချက်တာဝန်များ၊ အခြားဝန်ကြီးဌာနမှပေးအပ်သောတာဝန်များနှင့် ဒေသဆိုင်ရာအစိုးရအဖွဲ့များမှပေးအပ်သော လုပ်ငန်းတာဝန်များကို ကျေပွန်စွာထမ်းဆောင်နေကြရသည်ဖြစ်ရာ ဒေသဆိုင်ရာအချက်အလက်များ ပြုစုထားရှိခြင်းသည် များစွာအရေးပါလာပါသည်။ ဒေသဆိုင်ရာအချက်အလက်များပြုစုခြင်းဖြင့် မိမိတို့၏လုပ်ငန်းဆောင်ရွက်ရာတွင် အထောက်အကူပြုသကဲ့သို့ အကြီးအကဲများ နယ်မြေသို့ကွင်းဆင်းရာတွင် နယ်မြေ၏

အချက်အလက်များကို လွယ်ကူစွာ သိရှိနိုင်မည်ဖြစ်ပါသည်။ ဤစာအုပ်သည် ကြာအင်းဆိပ်ကြီးမြို့နယ်၏ ဒေသဆိုင်ရာအချက်အလက်များ (၂၀၂၀ ခုနှစ်၊ စက်တင်ဘာလကုန်ထိအခြေအနေ)ကို သက်ဆိုင်ရာဌာနအသီးသီးမှ ပေးပို့သော ကိန်းဂဏန်းများနှင့်အညီ ပြုစုတင်ပြထားခြင်းဖြစ်ပါသည်။

**ဒေသသမိုင်းအကျဉ်း**

၂။ ကြာအင်းဆိပ်ကြီးမြို့နယ်သည် ၁၈၂၆ခုနှစ်၊ ဖေဖော်ဝါရီလ(၂၄)ရက်၊ ပထမအင်္ဂလိပ်-မြန်မာစစ်ပွဲအပြီး အင်္ဂလိပ်အားပေးလိုက်ရသော ကျိုက္ခမိခရိုင်တွင်ပါဝင်ပါသည်။ ထို့နောက် ကော့ကရိတ်မြို့နှင့်အတူ ဟောင်သရောမြို့နယ်အဖြစ် တည်ရှိခဲ့ပြီး မြို့အုပ်တစ်ဦးက အုပ်ချုပ်ခဲ့ပါသည်။ ၁၉၁၁ခုနှစ်မှစ၍ ကြာအင်းဆိပ်ကြီးမြို့နယ်ကို ကော့ကရိတ်ခရိုင်ခွဲအဖြစ်ထားရှိပြီး နယ်ပိုင်ဝန်ထောက်တစ်ဦးက အုပ်ချုပ်ခဲ့ပါသည်။ ထိုစဉ်က ကြာအင်းဆိပ်ကြီးမြို့နယ်သည် သစ်တောထူထပ်ပြီး စတုရန်းမိုင်(၁)မိုင်လျှင် လူ(၂၀)ဦးခန့်သာနေထိုင်ခဲ့ပါသည်။ ၁၉၅၅ခုနှစ်၊ ဇူလိုင်လ(၁)ရက်နေ့တွင် ကြာအင်းဆိပ်ကြီးမြို့နယ်ကို ဘားအံခရိုင်သို့သွတ်သွင်းခဲ့ပါသည်။ ထို့နောက် ၁၉၆၂ခုနှစ်၊ နိုဝင်ဘာလ(၆)ရက်နေ့တွင် ဘားအံခရိုင်မှခွဲထွက်ကာ ကော့ကရိတ်ခရိုင်သို့သွတ်သွင်းခဲ့ပါသည်။ ဇမိချောင်းကမ်းနဖူးသစ်ဆိပ်ကိုအစွဲပြု၍ ချောင်းရိုးတစ်လျှောက် ခုတ်မောင်းနေသည့် လှေ၊ သင်္ဘောများက(ဆိပ်ကြီးကို)[၂]ဟုခေါ်ရာမှ ကြာအင်းဆိပ်ကြီးမြို့ ဖြစ်လာပါသည်။ အမှတ်(၂)ရပ်ကွက်၊ စိုက်ပျိုးရေးရုံးဝင်းအတွင်း၌ ပဒုမ္မာကြာပေါက်သော အင်းကြီးတစ်ခု ယခုတိုင်ထင်ရှားရှိနေပါသည်။ မြို့၏မြောက်ဘက်

(၁)မိုင်ခန့်ရှိ ကြာအင်းကြီးကျေးရွာနှင့် တောင်ဘက် ဇမိမြစ်ကမ်းသစ်ဆိပ်ကို ပူးတွဲခေါ်ဝေါ်လျက် ကြာအင်းဆိပ်ကြီးမြို့ဟု ခေါ်တွင်လာခြင်းဖြစ်ပါသည်။ နာမည်ကျော် ဂျပန်ခေတ်သေမင်းတမန် မီးရထားလမ်းသည် မြို့နယ်၏ တောင်ဘက်၌ ဖြတ်သန်းဖောက်လုပ်ခဲ့ခြင်းဖြစ်သည်။

## အခန်း(၂)

## ပထဝီဝင် အနေအထား

### တည်နေရာနှင့်အကျယ်အဝန်း

၃။ ကြာအင်းဆိပ်ကြီးမြို့နယ်သည် မြန်မာနိုင်ငံ၏ တောင်ဘက်တွင် တည်ရှိပြီး ကရင်ပြည်နယ်၊ ကော့ကရိတ်ခရိုင်အတွင်း တည်ရှိပါသည်။ ကြာအင်းဆိပ်ကြီးမြို့နယ်သည် မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၁၃ မိနစ် ၁၅ စက္ကန့်နှင့် ၁၆ ဒီဂရီ ၀၂ မိနစ် ၀၀ စက္ကန့်အကြား၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၄၅ မိနစ် ၃၀ စက္ကန့်နှင့် ၉၈ ဒီဂရီ ၀၇ မိနစ် ၀၀ စက္ကန့်အကြားတွင်တည်ရှိပြီး ပင်လယ်ရေမျက်နှာပြင်အထက် (၃၇)ပေ ရှိပါသည်။ အကျယ်အဝန်းမှာ (၃၀၃၁.၀၁) စတုရန်းမိုင်၊ (၁၉၃၉၈၄၇)ဧက ကျယ်ဝန်းပါသည်။ အရှေ့မှအနောက်သို့(၅၀)မိုင်ရှိပြီး တောင်မှမြောက်သို့ (၈၂)မိုင်ရှည်လျားပါသည်။

| စဉ် | မြို့အမည် | မြို့ဧရိယာ စတုရန်းမိုင် | ကျေးရွာအုပ်စု ဧရိယာစတုရန်းမိုင် | မြို့နယ်ဧရိယာ စတုရန်းမိုင် |
|---|---|---|---|---|
| ၁ | ကြာအင်းဆိပ်ကြီး | ၁.၄၅ | ၅၂၇.၉၈ | ၅၂၉.၄၃ |
| ၂ | ကျိုက်ဒုံ | ၁.၅၁ | ၁၁၈၄.၇၁ | ၁၁၈၆.၂၂ |
| ၃ | ဘုရားသုံးဆူ | ၂.၂၃ | ၁၃၁၃.၁၃ | ၁၃၁၅.၃၆ |
| **မြို့နယ်ချုပ်** | | **၅.၁၉** | **၃၀၂၅.၈၂** | **၃၀၃၁.၀၁** |

## နယ်နိမိတ်

၄။ ကြာအင်းဆိပ်ကြီးမြို့နယ်၏ အရှေ့ဘက်တွင် မြဝတီမြို့နယ်နှင့်ထိုင်းနိုင်ငံ၊ တောင်ဘက်တွင် ရေးမြို့နယ်နှင့်ထိစပ်လျက်ရှိပါသည်။ အနောက်ဘက်တွင် မုဒုံမြို့နယ်၊ သံဖြူဇရပ်မြို့နယ်တို့နှင့် ထိစပ်လျက်ရှိပြီး မြောက်ဘက်တွင် ကျိုက်မရောမြို့နယ်၊ ကော့ကရိတ်မြို့နယ်တို့နှင့် နယ်နိမိတ် ထိစပ်လျက်ရှိပါသည်။

## မြေမျက်နှာသွင်ပြင်

၅။ ကြာအင်းဆိပ်ကြီးမြို့နယ်သည် တောတောင်ထူထပ်ပြီး အရှေ့မြောက်အရပ် ကျိုက်ဒုံဒေသ၌ ပျမ်းမျှအမြင့်ပေ(၃၇၀၀)ရှိသော ဒေါနတောင်တန်းနှင့် တောင်စွယ်တောင်ထွဋ်များတည်ရှိပါသည်။ ကြာအင်းဆိပ်ကြီးမြို့နယ်၏ အရှေ့ဘက်(၁၀)မိုင်ခန့်တွင် ခုတ်ခွားတောင်တန်းက ကျိုက်ဒုံမြို့နှင့် ကြာအင်းဆိပ်ကြီးမြို့နယ်ကို ပိုင်းခြားထားပါသည်။ မြို့နယ်အတွင်း ဇမိမြစ်၊ ဝင်းရော်မြစ်နှင့် ဟောင်သရောမြစ်တို့သည် တောင်မှမြောက်သို့ စီးဆင်းပါသည်။ ဇမိမြစ်နှင့်ဝင်းရော်မြစ်တို့သည် မွန်ပြည်နယ်၊ ကျိုက်မရောမြို့နယ်၊ ချောင်းနှစ်ခွကျေးရွာအနီး၌ သွားရောက်ပေါင်းဆုံပြီး အတ္တရံမြစ်အဖြစ် မုတ္တမပင်လယ်ကွေ့သို့ ဆက်လက်စီးဆင်းပါသည်။ သို့ဖြစ်ပါ၍ ကြာအင်းဆိပ်ကြီးမြို့နယ်အတွင်း အရှေ့ဘက်နှင့် တောင်ဘက်တို့တွင် တောင်ကုန်း၊ တောင်တန်းထူထပ်ပြီး အနောက်ဘက်နှင့် မြောက်ဘက်တွင် မြေနိမ့်ချိုင့်ဝှမ်းများတည်ရှိပါသည်။

## ရေဆင်း

၆။ ကြာအင်းဆိပ်ကြီးမြို့နယ်တွင် မြစ်ချောင်းများသည် တောင်မှ မြောက်သို့ စီးဆင်းလျက်ရှိပါသည်။ ထင်ရှားသောမြစ်မှာ ဝင်းရော်မြစ်၊ ဟောင်သရောမြစ်နှင့် ဇမိမြစ်တို့ဖြစ်ပြီး တောင်မှမြောက်သို့ စီးဆင်းပါသည်။ ဇမိမြစ်နှင့် ဝင်းရော်မြစ်တို့သည် မွန်ပြည်နယ်၊ ကျိုက်မရော မြို့နယ်၊ ချောင်းနှစ်ခွကျေးရွာအနီး၌ သွားရောက် ပေါင်းဆုံပြီး အတ္ထရံမြစ်အဖြစ် မုတ္တမပင်လယ်ကွေ့သို့စီးဝင်ပါသည်။ ကြာအင်းဆိပ်ကြီးမြို့နယ်အတွင်းရှိ ရေအရင်းအမြစ်အများစုမှာ ရေချိုများဖြစ်၍ စိုက်ပျိုးရေ၊ သောက်သုံးရေစသည်ဖြင့် အသုံးပြုနိုင်ပါသည်။ ဇမိမြစ်သည် ဘုရားသုံးဆူမြို့မှ အနောက်ဘက်(၉)မိုင်ခန့်အကွာ ချောင်းဆုံကျေးရွာမှ စတင်မြစ်ဖျားခံကာ ကြာအင်းဆိပ်ကြီးမြို့နယ်နှင့် မိုးတွင်းကာလတွင် စက်လှေငယ်များ ခုတ်မောင်းသွားလာနိုင်ပါသည်။ နွေရာသီတွင် ရေအနက်(၁၉)ပေခန့်ရှိပါသည်။ မွန်ပြည်နယ်၊ မော်လမြိုင်မြို့မှ ကြာအင်းဆိပ်ကြီးမြို့အထိသာ သင်္ဘော/စက်လှေများ သွားလာနိုင်ပြီး ဇမိမြစ်ဖျားပိုင်းတွင် ရေခမ်းခြောက်သဖြင့် စက်လှေများ မသွားလာနိုင်တော့ပါ။

## ပင်လယ်ရေမျက်နှာပြင်အထက်အမြင့်

၇။ ကြာအင်းဆိပ်ကြီးမြို့နယ်သည် ပင်လယ်ရေမျက်နှာပြင်အထက် (၃၇)ပေအမြင့်တွင်တည်ရှိပြီး အမြင့်ဆုံးတောင်မှာ ဒေါနတောင်တန်းဖြစ်ပါသည်။

# အခန်း(၃)

# ရာသီဥတုနှင့် သဘာဝပတ်ဝန်းကျင်

## ရာသီဥတု

၈။ ကြာအင်းဆိပ်ကြီးမြို့နယ်သည် ပူအိုက်စွတ်စိုသော ရာသီဥတု ရှိပြီး အမြင့်ဆုံး အပူချိန်(၃၉˚C)နှင့် အနိမ့်ဆုံးအပူချိန်မှာ (၂၉˚C)ဖြစ်ပါသည်။ နှစ်အလိုက် ဖြစ်ပေါ်ခဲ့သော မိုးရေချိန်နှင့် အပူချိန်မှာ တစ်ဖက်ပါ အတိုင်းဖြစ်ပါသည်-

| စဉ် | ခုနှစ် | မိုးရေချိန် | | အပူချိန် | |
|---|---|---|---|---|---|
| | | မိုးရွာရက် | စုစုပေါင်း မိုးရေချိန်(လက်မ) | နွေရာသီ(.C) အမြင့်ဆုံး | ဆောင်းရာသီ(.C) အနိမ့်ဆုံး |
| ၁ | ၂၀၁၇ | ၁၂၈ | ၁၃၈.၄၇ | ၃၉ | ၂၉ |
| ၂ | ၂၀၁၈ | ၁၄၄ | ၁၆၅.၅၆ | ၃၉ | ၂၉ |
| ၃ | ၂၀၁၉ | ၉၉ | ၁၅၈.၈၄ | ၃၉ | ၂၉ |
| ၄ | ၂၀၂၀ | ၁၁၆ | ၁၂၃.၄၂ | ၃၉ | ၂၉ |

## သဘာဝပေါက်ပင်များ

၉။ ကြာအင်းဆိပ်ကြီးမြို့နယ်အတွင်း ပေါက်ရောက်သည့် သဘာဝ ပေါက်ပင် များမှာ ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်၊ သစ်ရာ၊ အင်၊ ကညင်၊ အင်ကြင်း၊ သဃ်န်း၊ သစ်ဆိမ့်၊ သစ်တို၊ ဒီးဒူ၊ ပျဉ်းမ၊ ပိန္နဲ၊ အနန်း၊ လက်ပံ၊ ရင်းတိုက်၊ ရေမနေ၊ ဝါးပင်များ ဖြစ်ပါသည်။

## တောရိုင်းတိရစ္ဆာန်များ

၁၀။ ကြာအင်းဆိပ်ကြီးမြို့နယ်အတွင်း တွေ့ရှိရသော တောရိုင်းတိရိစ္ဆာန်များမှာ ဆင်၊ ဝက်ဝံ၊ ပြောင်၊ဆတ်၊ ချေ၊ တောဝက်၊ သမင်၊ ဒရယ်၊ တောခွေး၊ မျောက် မျိုးစုံ၊ ယုန်၊ ရေဘဲ၊ လင်းဆွဲ၊ လင်းဝက်၊ ကြက်တူရွေး၊ သာလိကာ၊ ရှဉ့်၊ သစ်တောက်ငှက်၊ မြွေ၊ ပတက်၊ တောကြောင်၊ သင်းခွေချပ်တို့ဖြစ်ပါသည်။

## သဘာဝပတ်ဝန်းကျင်လက်ရှိအခြေအနေ

၁၁။ ကြာအင်းဆိပ်ကြီးမြို့နယ်၏ လက်ရှိသဘာဝပတ်ဝန်းကျင်အခြေအနေမှာ သစ်တောဖုံးလွှမ်းမှု (၅၁.၆၄%)ရှိပါသည်။ ၎င်းအနက်မှ ကြိုးဝိုင်းသစ်တောဖုံးလွှမ်းမှုမှာ (၁၈.၇%)ဖြစ်ပြီး ကြိုးပြင်ကာကွယ်တောဖုံးလွှမ်းမှုမှာ (၆.၀%)ရှိပါသည်။

## သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ

၁၂။ ကြာအင်းဆိပ်ကြီးမြို့နယ်သည် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများအတွက် ကြိုးဝိုင်းတော(၃၆၂၉၀၂)ဧက၊ ကြိုးပြင်တော(၁၃၂၀၉၂)ဧက၊ သဘာဝထိန်းသိမ်းရေးနယ်မြေ (၉၂၀၁၆)ဧက ထိန်းသိမ်းလျက်ရှိပါသည်။ သစ်တောစိုက်ခင်း တည်ထောင်နိုင်မှုမှာ ပုဂ္ဂလိကကျွန်း စိုက်ခင်း( – )ဧက၊ သစ်မာ( – )ဧက၊ ကျေးရွာထင်းစိုက်ခင်း ( – )ဧကဖြစ်ပါသည်။

## သဘာဝဘေးအန္တရာယ်ကျရောက်မှု

၁၃။ ကြာအင်းဆိပ်ကြီးမြို့နယ်သည် ဇမိမြစ်၊ ဝင်းရော်မြစ်၊ ဟောင်သရော မြစ်အနီးတည်ရှိသဖြင့် ရေဘေးအန္တရာယ် ကျရောက်လေ့ရှိပါသည်။ ကြာအင်းဆိပ်ကြီးမြို့နယ်အတွင်း ဇမိမြစ်၏ စိုးရိမ်ရေမှတ်မှာ(၁၀၆၈) စင်တီမီတာ၊ ကျိုက်ဒုံမြို့၏ စိုးရိမ်ရေအမှတ်မှာ (၅၁၈)စင်တီမီတာနှင့် ဘုရားသုံးဆူမြို့၏ စိုးရိမ်ရေအမှတ်မှာ(၂၇၄)စင်တီမီတာ ဖြစ်ပါသည်။ ကြာအင်းဆိပ်ကြီးမြို့နယ်အတွင်း ၂၀၁၉-၂၀၂၀ခုနှစ်တွင် သဘာဝဘေး အန္တရာယ် ရင်ဆိုင်ကြုံတွေ့ခဲ့ရမှုအခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | အမျိုး အစား | ဖြစ်ပွါး ကြိမ် | သေ/ ပျောက် ဦးရေ | အဆောက် အဦး ပျက်စီးမှု | ဆုံးရှုံးမှု တန်ဖိုး (ကျပ်သန်း) |
|---|---|---|---|---|---|
| ၁ | မုန်တိုင်းဘေး | ၁ | - | ၂ | ၁.၀၀ |
| ၂ | ဆူနာမီဘေး | - | | - | - |
| ၃ | လျှေင်ဘေး | - | | - | - |
| ၄ | ရေဘေး | ၂ | | - | - |
| ၅ | မီးဘေး | ၁ | | ၁ | ၀.၈၃ |
| | | **၄** | **-** | **၃** | **၁.၈၃** |

# အခန်း(၄)

## လူဦးရေဆိုင်ရာအချက်အလက်များ

### နေထိုင်သည့်တိုင်းရင်းသားလူမျိုးစုများ

၁၄။ ကြာအင်းဆိပ်ကြီးမြို့နယ်တွင် နေထိုင်ကြသော တိုင်းရင်းသား လူမျိုးစုများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | လူမျိုး | နေထိုင်သည့် လူဦးရေ | မြို့နယ်လူဦးရေ | မြို့နယ်လူဦးရေ၏ ရာခိုင်နှုန်း |
|---|---|---|---|---|
| ၁ | ကချင် | - | ၂၆၀၅၁၃ | - |
| ၂ | ကယား | - | ၂၆၀၅၁၃ | - |
| ၃ | ကရင် | ၁၃၈၄၀၃ | ၂၆၀၅၁၃ | ၅၂.၉၂% |
| ၄ | ချင်း | - | ၂၆၀၅၁၃ | - |
| ၅ | မွန် | ၄၅၈၉၀ | ၂၆၀၅၁၃ | ၁၇.၅၄% |
| ၆ | ဗမာ | ၄၉၉၇၈ | ၂၆၀၅၁၃ | ၁၉.၁၁% |
| ၇ | ရခိုင် | ၉၆ | ၂၆၀၅၁၃ | ၀.၀၃% |
| ၈ | ရှမ်း | ၁၅၁၅၀ | ၂၆၀၅၁၃ | ၅.၇၉% |
| ၉ | ပအိုဝ်း | ၈၈၁၈ | ၂၆၀၅၁၃ | ၃.၃၇% |
| ၁၀ | အခြား | ၃၁၇၈ | ၂၆၀၅၁၃ | ၁.၂၁% |
| | **မြို့နယ်ချုပ်** | **၂၆၀၅၁၃** | **၂၆၀၅၁၃** | **၁၀၀%** |

**အိမ်ခြေ၊ အိမ်ထောင်စု၊ လူဦးရေ**

၁၅။ ကြာအင်းဆိပ်ကြီးမြို့နယ်၏ ၂၀၂၀ခုနှစ်၊ စက်တင်ဘာလကုန်အထိ လူဦးရေမှာ အောက်ဖော်ပြပါ အတိုင်း ဖြစ်ပါသည်-

(က) **အိမ်ခြေ/အိမ်ထောင်စု**

| စဉ် | မြို့နယ်/မြို့ | အကြောင်းအရာ | အိမ်ခြေ | အိမ်ထောင်စု | ရပ်ကွက် | ကျေးရွာအုပ်စု | ကျေးရွာ |
|---|---|---|---|---|---|---|---|
| ၁ | ကြာအင်းဆိပ်ကြီး | မြို့နေ | ၁၆၈၆ | ၁၈၅၅ | ၆ | - | - |
| | | ကျေးလက်နေ | ၁၈၄၁၅ | ၁၉၃၇၀ | - | ၂၀ | ၁၁၆ |
| | | **ပေါင်း** | **၂၀၁၀၁** | **၂၁၂၂၅** | **၆** | **၂၀** | **၁၁၆** |
| ၂ | ကျိုက်ဒုံ | မြို့နေ | ၆၂၀ | ၆၃၃ | ၆ | - | - |
| | | ကျေးလက်နေ | ၁၃၀၅၁ | ၁၃၀၆၃ | - | ၂၁ | ၁၁၅ |
| | | **ပေါင်း** | **၁၃၆၇၁** | **၁၃၆၉၆** | **၆** | **၂၁** | **၁၁၅** |
| ၃ | ဘုရားသုံးဆူ | မြို့နေ | ၂၄၅၉ | ၂၈၆၈ | ၄ | - | - |
| | | ကျေးလက်နေ | ၇၆၁၇ | ၇၉၀၃ | - | ၁၀ | ၅၅ |
| | | **ပေါင်း** | **၁၀၀၇၆** | **၁၀၇၇၁** | **၄** | **၁၀** | **၅၅** |
| | **မြို့နယ်ချုပ်** | မြို့နေ | ၄၇၆၅ | ၅၃၅၆ | ၁၆ | - | **-** |
| | | ကျေးလက်နေ | ၃၉၀၈၃ | ၄၀၃၃၆ | - | ၅၁ | **၂၈၆** |
| **စုစုပေါင်း** | | | **၄၃၈၄၈** | **၄၅၆၉၂** | **၁၆** | **၅၁** | **၂၈၆** |

(ခ) လူဦးရေ

| စဉ် | မြို့နယ်/ မြို့ | အကြောင်း အရာ | အသက်(၁၈) နှစ်အထက် | | | အသက်(၁၈) နှစ်အောက် | | | စုစုပေါင်း | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း |
| ၁ | ကြာအင်း ဆိပ်ကြီး | မြို့နေ | ၂၅၉၉ | ၃၀၅၃ | ၅၆၅၂ | ၁၈၆၃ | ၁၈၇၇ | ၃၇၄၀ | ၄၄၆၂ | ၄၉၃၀ | ၉၃၉၂ |
| | | ကျေးလက်နေ | ၂၄၈၁၈ | ၂၆၄၃၈ | ၅၁၂၅၆ | ၂၂၆၂၃ | ၂၃၀၉၇ | ၄၅၇၂၀ | ၄၇၄၄၁ | ၄၉၅၃၅ | ၉၆၉၇၆ |
| | | **ပေါင်း** | **၂၇၄၁၇** | **၂၉၄၉၁** | **၅၆၉၀၈** | **၂၄၄၈၆** | **၂၄၉၇၄** | **၄၉၄၆၀** | **၅၁၉၀၃** | **၅၄၄၆၅** | **၁၀၆၃၆၈** |
| ၂ | ကျိုက်ဒုံ | မြို့နေ | ၁၁၆၀ | ၁၂၃၄ | ၂၃၉၄ | ၁၁၈၆ | ၁၁၇၉ | ၂၃၆၅ | ၂၃၄၆ | ၂၄၁၃ | ၄၇၅၉ |
| | | ကျေးလက်နေ | ၂၄၃၃၈ | ၂၆၂၄၀ | ၅၀၅၇၈ | ၁၄၁၇၀ | ၁၅၅၂၉ | ၂၉၆၉၉ | ၃၈၅၀၈ | ၄၁၇၆၉ | ၈၀၂၇၇ |
| | | **ပေါင်း** | **၂၅၄၉၈** | **၂၇၄၇၄** | **၅၂၉၇၂** | **၁၅၃၅၆** | **၁၆၇၀၈** | **၃၂၀၆၄** | **၄၀၈၅၄** | **၄၄၁၈၂** | **၈၅၀၃၆** |
| ၃ | ဘုရား သုံးဆူ | မြို့နေ | ၅၅၉၉ | ၆၆၈၈ | ၁၂၂၈၇ | ၃၀၆၅ | ၃၀၃၉ | ၆၁၀၄ | ၈၆၆၄ | ၉၇၂၇ | ၁၈၃၉၁ |
| | | ကျေးလက်နေ | ၁၅၄၈၆ | ၁၆၉၆၀ | ၃၂၄၄၆ | ၉၀၉၈ | ၁၀၁၇၄ | ၁၉၂၇၂ | ၂၄၅၈၄ | ၂၇၁၃၄ | ၅၁၇၁၈ |
| | | **ပေါင်း** | **၂၁၀၈၅** | **၂၃၆၄၈** | **၄၄၇၃၃** | **၁၂၁၆၃** | **၁၃၂၁၃** | **၂၅၃၇၆** | **၃၃၂၄၈** | **၃၆၈၆၁** | **၇၀၁၀၉** |
| **မြို့နယ်ချုပ်** | | မြို့နေ | ၉၃၅၈ | ၁၀၉၇၅ | ၂၀၃၃၃ | ၆၁၁၄ | ၆၀၉၅ | ၁၂၂၀၉ | ၁၅၄၇၂ | ၁၇၀၇၀ | ၃၂၅၄၂ |
| | | ကျေးလက်နေ | ၆၄၆၄၂ | ၆၉၆၃၈ | ၁၃၄၂၈၀ | ၄၅၈၉၁ | ၄၈၈၀၀ | ၉၄၆၉၁ | ၁၁၀၅၃၃ | ၁၁၈၄၃၈ | ၂၂၈၉၇၁ |
| | | **ပေါင်း** | **၇၄၀၀၀** | **၈၀၆၁၃** | **၁၅၄၆၁၃** | **၅၂၀၀၅** | **၅၄၈၉၅** | **၁၀၆၉၀၀** | **၁၂၆၀၀၅** | **၁၃၅၅၀၈** | **၂၆၁၅၁၃** |

**လူဦးရေတိုးနှုန်းနှင့်ကျား၊ မအချိုး**

၁၆။ ကြာအင်းဆိပ်ကြီးမြို့နယ်၏ ၂၀၂၀ပြည့်နှစ်၊ စက်တင်ဘာလကုန်အထိ လူဦးရေတိုးနှုန်း ကျား၊ မ အချိုးမှာ အောက်ဖော်ပြပါအတိုင်းဖြစ်ပါသည်-

**(က) လူဦးရေတိုးနှုန်းနှင့်ကျားမအချိုး**

| စဉ် | မြို့နယ်/ မြို့ | ယခင်နှစ် လူဦးရေ | ယခုနှစ် လူဦးရေ | တိုးလာ ဦးရေ | တိုး နှုန်း | ကျား/မအချိုး | | |
|---|---|---|---|---|---|---|---|---|
| | | | | | | ကျား | မ | အချိုး |
| ၁ | ကြာအင်းဆိပ်ကြီး | ၁၀၅၃၄၁ | ၁၀၆၃၆၈ | ၁၀၂၇ | ၀.၉၇ | **၅၁၉၀၃** | **၅၄၄၆၅** | ၁:၁.၀၅ |
| ၂ | ကျိုက်ဒုံ | ၈၄၅၁၄ | ၈၅၀၃၆ | ၅၂၂ | ၀.၆၂ | **၄၀၈၅၄** | **၄၄၁၈၂** | ၁:၁.၀၈ |
| ၃ | ဘုရားသုံးဆူ | ၆၇၇၄၈ | ၇၀၁၀၉ | ၂၃၆၁ | ၃.၄၈ | **၃၃၂၄၈** | **၃၆၈၆၁** | ၁:၁.၁၁ |
| **မြို့နယ်ချုပ်** | | **၂၅၇၆၀၃** | **၂၆၁၅၁၃** | **၃၉၁၀** | **၁.၅၂** | **၁၂၆၀၀၅** | **၁၃၅၅၀၈** | **၁:၁.၀၈** |

**( ခ ) မွေးဖွား၊ သေဆုံး၊ ပြောင်းဝင်၊ ပြောင်းထွက် လူဦးရေ**

| စဉ် | မြို့နယ်/ မြို့ | မူလလူ ဦးရေ | မွေးဖွား ဦးရေ | သေဆုံး ဦးရေ | ပြောင်းဝင် ဦးရေ | ပြောင်းထွက် ဦးရေ | လက်ရှိ လူဦးရေ |
|---|---|---|---|---|---|---|---|
| ၁ | ကြာအင်းဆိပ်ကြီး | ၁၀၅၃၄၁ | ၁၅၁၂ | ၅၁၉ | ၄၂ | ၈ | ၁၀၆၃၆၈ |
| ၂ | ကျိုက်ဒုံ | ၈၄၅၁၄ | ၆၃၁ | ၁၀၃ | ၆ | ၁၂ | ၈၅၀၃၆ |
| ၃ | ဘုရားသုံးဆူ | ၆၇၇၄၈ | ၁၉၃၄ | ၂၃၉ | ၉၆၀ | ၂၉၄ | ၇၀၁၀၉ |
| **မြို့နယ်ချုပ်** | | **၂၅၇၆၀၃** | **၄၀၇၇** | **၈၆၁** | **၁၀၀၈** | **၃၁၄** | **၂၆၁၅၁၃** |

## ကိုးကွယ်သည့်ဘာသာအလိုက်လူဦးရေ

၁၇။ ကြာအင်းဆိပ်ကြီးမြို့နယ်တွင် နေထိုင်ကြသူများ၏ ကိုးကွယ်သည့် ဘာသာအလိုက် လူဦးရေမှာ အောက်ဖော်ပြပါအတိုင်းဖြစ်ပါသည်-

| စဉ် | မြို့နယ်/ မြို့ | ဗုဒ္ဓ ဘာသာ | ခရစ် ယာန် | ဟိန္ဒူ ဘာသာ | အစ္စလာမ် ဘာသာ | နတ် | အ ခြား | ပေါင်း |
|---|---|---|---|---|---|---|---|---|
| ၁ | ကြာအင်း ဆိပ်ကြီး | ၈၅၈၇၂ | ၁၇၉၃၃ | ၈၀ | ၂၄၈၃ | - | - | ၁၀၆၃၆၈ |
| ၂ | ကျိုက်ဒုံ | ၄၄၃၅၅ | ၄၀၆၈၁ | - | - | - | - | ၈၅၀၃၆ |
| ၃ | ဘုရားသုံးဆူ | ၆၃၉၉၃ | ၅၃၀၁ | ၁၂၀ | ၆၉၅ | - | - | ၇၀၁၀၉ |
| **မြို့နယ်ချုပ်** | | **၁၉၄၂၂၀** | **၆၃၉၁၅** | **၂၀၀** | **၃၁၇၈** | **-** | **-** | **၂၆၁၅၁၃** |

## နိုင်ငံခြားသားများနေထိုင်မှု

၁၈။ ကြာအင်းဆိပ်ကြီးမြို့နယ်အတွင်း နိုင်ငံခြားသားများ နေထိုင်သူ ဦးရေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | မြို့နယ်/ မြို့ | နိုင်ငံခြားသား လူမျိုး | နေထိုင် ဦးရေ | မြို့နယ် လူဦးရေ | မြို့နယ်လူဦးရေ ၏ ရာခိုင်နှုန်း |
|---|---|---|---|---|---|
| ၁ | ကြာအင်း ဆိပ်ကြီး | - | - | - | - |
| ၂ | ကျိုက်ဒုံ | - | - | - | - |
| ၃ | ဘုရားသုံးဆူ | - | - | - | - |
| **မြို့နယ်ချုပ်** | | **---------------- မရှိပါ ----------------** | | | |

# အခန်း(၅)

## အုပ်ချုပ်ရေးဆိုင်ရာအချက်အလက်များ

### အုပ်ချုပ်ရေးနယ်မြေဖွဲ့စည်းမှု

၁၉။ ကြာအင်းဆိပ်ကြီးမြို့နယ်၏ အုပ်ချုပ်ရေးနယ်မြေ ဖွဲ့စည်းမှုမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| စဉ် | မြို့နယ်/မြို့ | မြို့ | ရပ်ကွက် | ကျေးရွာအုပ်စု | ကျေးရွာ |
|---|---|---|---|---|---|
| ၁ | ကြာအင်းဆိပ်ကြီး | ၁ | ၆ | ၂၀ | ၁၁၆ |
| ၂ | ကျိုက်ဒုံ | ၁ | ၆ | ၂၁ | ၁၁၅ |
| ၃ | ဘုရားသုံးဆူ | ၁ | ၄ | ၁၀ | ၅၅ |
| **မြို့နယ်ချုပ်** | | **၃** | **၁၆** | **၅၁** | **၂၈၆** |

**ရွေးကောက်ပွဲဆိုင်ရာကိစ္စရပ်များ**

၂၀။ ကြာအင်းဆိပ်ကြီးမြို့နယ်၏ ရွေးကောက်ပွဲဆိုင်ရာကိစ္စရပ်များအား အောက်ဖော်ပြပါအတိုင်း ဖော်ပြအပ်ပါသည်-

(က) **မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင်စာရင်း**

| **စဉ်** | **အမည်** | **အလုပ်အကိုင်** | **တာဝန်** |
|---|---|---|---|
| ၁ | ဦးကြည်လွင် | အငြိမ်းစား(ပညာရေး) | ဥက္ကဋ္ဌ |
| ၂ | ဒေါ်ခင်လှ | အငြိမ်းစား(ပညာရေး) | အဖွဲ့ဝင် |
| ၃ | ဦးအောင်မြင့် | ကုန်မာဆိုင် | အဖွဲ့ဝင် |
| ၄ | ဦးဝင်းအောင် | ခြံ | အဖွဲ့ဝင် |
| ၅ | ဦးစိုးသိန်း | စီမံ/ဘဏ္ဍာ(ငြိမ်း) | အဖွဲ့ဝင် |
| ၆ | ဦးအောင်သိန်းထွန်း | ဈေးရောင်း | အဖွဲ့ဝင် |
| ၇ | ဦးဝေယံကျော် | ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး | အဖွဲ့ဝင် |
| ၈ | ဦးဆန်းဦး | ဦးစီးအရာရှိ**(လဝက)** | အဖွဲ့ဝင် |
| ၉ | ဒေါက်တာ ကျော်ဇင်ထွန်း | မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူး | အဖွဲ့ဝင် |
| ၁၀ | ဒေါ်မွန်မွန်အောင် | မြို့နယ်ဥပဒေအရာရှိ | အဖွဲ့ဝင် |
| ၁၁ | ဦးမြင့်ထွန်း | မြို့နယ်ပညာရေးမှူး | အဖွဲ့ဝင် |
| ၁၂ | ဦးခင်မောင်ချို | အမှုဆောင်အရာရှိ(စည်/ပင်) | အဖွဲ့ဝင် |
| ၁၃ | ဦးဝေလင်းညွန့် | မြို့နယ်ဦးစီးမှူး(စိုက်ပျိုးရေး) | အဖွဲ့ဝင် |
| ၁၄ | ဒေါ်နှင်းကြည် | မြို့နယ်ဦးစီးမှူး (ပြန်/ဆက်) | အဖွဲ့ဝင် |
| ၁၅ | ဒေါ်တင်တင်ဝင်း | မြို့နယ်စာရင်းစစ်အရာရှိ | အဖွဲ့ဝင် |
| ၁၆ | ဒေါ်မာမာမိုး | မြို့နယ်ရွေးကောက်ပွဲအရာရှိ | အတွင်းရေးမှူး |

## (ခ) ဆန္ဒမဲပေးပိုင်ခွင့်ရှိသူဦးရေ

| စဉ် | မြို့နယ်/ မြို့ | မြို့နယ်/ မြို့လူဦးရေ | ကျား | မ | ပေါင်း |
|---|---|---|---|---|---|
| ၁ | ကြာအင်းဆိပ်ကြီး | ၁၀၆၃၆၈ | ၃၈၂၇၁ | ၄၀၅၂၄ | ၇၈၇၉၅ |
| ၂ | ကျိုက်ဒုံ | ၈၅၀၃၆ | ၁၂၉၉၅ | ၁၂၂၁၁ | ၂၅၂၀၆ |
| ၃ | ဘုရားသုံးဆူ | ၇၀၁၀၉ | ၂၉၆၃၁ | ၃၀၂၃၄ | ၅၉၈၆၅ |
| **မြို့နယ်ချုပ်** | | **၂၆၁၅၁၃** | **၈၀၈၉၇** | **၈၂၉၆၉** | **၁၆၃၈၆၆** |

## (ဂ) နိုင်ငံရေးပါတီများ

| စဉ် | ပါတီ | ဥက္ကဋ္ဌ | အတွင်းရေးမှူး | အမှုဆောင် ဦးရေ | ပါတီဝင် ဦးရေ |
|---|---|---|---|---|---|
| ၁ | အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ | ဦးသာဆင့် | ဦးစောသိန်းဝင်း | ၁၇ | ၂၀၀၀ |
| ၂ | ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ | ဦးလှသောင်း | ဦးစောချစ်အေး | ၁၃ | ၃၀၀၀ |

| စဉ် | ပါတီ | ဥက္ကဋ္ဌ | အတွင်းရေးမှူး | အမှုဆောင်ဦးရေ | ပါတီဝင်ဦးရေ |
|---|---|---|---|---|---|
| ၃ | မွန်ညီညွတ်ရေးပါတီ | နိုင်ဇော်ဝင်း | နိုင်သိန်းဇော် | - | - |
| ၄ | ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီ | ဦးစောဆာလောလ | ဦးစောထယ်ရီ | ၁၀ | - |
| ၅ | ပြည်ထောင်စုကောင်းကျိုးဆောင်ပါတီ | ဦးစောထွန်းခေါင်လွင် | - | - | - |
| ၆ | ညီညွတ်သောဒီမိုကရက်တစ်ပါတီ | ဦးစောထွန်းထွန်းလေး (စည်းရုံးရေးမှူး) | - | - | - |
| | စုစုပေါင်း | | | ၄၀ | ၅၀၀၀ |

## (ဃ) ရွေးချယ်ခံရသော လွှတ်တော်ကိုယ်စားလှယ်များ

| စဉ် | လွှတ်တော်ကိုယ်စား လှယ်အမည် | ပါတီ/ တသီးပုဂ္ဂလအမည် | လွှတ်တော် အမည် |
|---|---|---|---|
| ၁ | ဦးစောတင်ဝင်း | အမျိုးသားဒီမို ကရေစီအဖွဲ့ချုပ် | ပြည်သူ့လွှတ်တော် |
| ၂ | နော်ဆာမူထူး | အမျိုးသားဒီမို ကရေစီ အဖွဲ့ချုပ် | အမျိုးသားလွှတ်တော် မဲဆန္ဒနယ်အမှတ်(၁၁) |
| ၃ | ဦးစောယှားဖောင်အွာ | အမျိုးသားဒီမို ကရေစီအဖွဲ့ချုပ် | အမျိုးသားလွှတ်တော် မဲဆန္ဒနယ်အမှတ်(၁၂) |
| ၄ | ဦးစောထူးကပေါ် | ပြည်ထောင်စုကြံ့ခိုင် ရေးနှင့် ဖွံ့ဖြိုးရေးပါတီ | ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်အမှတ်(၁) |
| ၅ | ဦးတင်မျိုးဦး | အမျိုးသားဒီမို ကရေစီအဖွဲ့ချုပ် | ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်အမှတ်(၂) |
| ၆ | ဦးတေဇထွဋ်လှိုင်ထွေး | အမျိုးသားဒီမို ကရေစီအဖွဲ့ချုပ် | ဗမာတိုင်းရင်းသားလူမျိုး |
| ၇ | ဦးမင်းတင်ဝင်း | အမျိုးသားဒီမို ကရေစီအဖွဲ့ချုပ် | မွန်တိုင်းရင်းသားလူမျိုး |
| ၈ | ဦးခွန်မျိုးတင့် | အမျိုးသားဒီမို ကရေစီအဖွဲ့ချုပ် | ပအိုဝ့်တိုင်းရင်းသားလူမျိုး |

# အခန်း(၆)

# စီပွားရေးဆိုင်ရာအချက်အလက်

## စီးပွားရေးဆိုင်ရာခြုံငုံသုံးသပ်ချက်

၂၁။ ကြာအင်းဆိပ်ကြီးမြို့နယ်သည် ကရင်ပြည်နယ်အတွင်းတွင် တည်ရှိပြီးစီးပွားရေးအရ ဖွံ့ဖြိုးတိုးတက်မှုမရှိသော မြို့နယ်တစ်ခု ဖြစ်ပါသည်။ မြို့နယ်အတွင်းရှိဒေသခံပြည်သူလူထုသည် စိုက်ပျိုးရေး လုပ်ငန်းကို အဓိကလုပ်ကိုင်ဆောင်ရွက်ကြပါသည်။ ထို့အပြင် အရောင်းအဝယ်လုပ်ငန်းများကိုလည်း စီးပွားဖြစ်လုပ်ကိုင်ကြပါသည်။ ကြာအင်းဆိပ်ကြီးမြို့နယ်သည် မွန်ပြည်နယ်နှင့် ကရင်ပြည်နယ် ဒေသများသို့ ကုန်းလမ်း၊ ရေလမ်း၊ ရေကြောင်းလမ်းများဖြင့် သွားလာ နိုင်ပြီး လမ်းပန်းဆက်သွယ်ရေးအသင့်အတင့်ရှိသောမြို့နယ် ဖြစ်ပါ သည်။ မြို့နယ်၏အဓိကထွက်ကုန်များမှာ ရှောက်သီး၊ သံပုရာသီး၊ ကွမ်းသီး၊ ဒူးရင်းသီး၊ ဝဥ၊ ပျားရည်၊ ရော်ဘာတို့ဖြစ်ပြီး မွန်ပြည်နယ် ရှိဒေသများသို့ အများဆုံးတင်ပို့ရောင်းချပါသည်။ ကြာအင်းဆိပ်ကြီး မြို့နယ်သည် မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ မုဒုံမြို့မှ စားသောက် ကုန်များ၊ အဝတ်အထည်များ၊ အိမ်သုံးပစ္စည်းများ၊ အဆောက်အဦ လုပ်ငန်းသုံးကုန်ပစ္စည်းများကို အဓိကတင်သွင်းရပါသည်။

## မြေအသုံးချမှု

၂၂။ ကြာအင်းဆိပ်ကြီးမြို့နယ်၏ မြေအမျိုးအစားအလိုက် အသုံးချ ထားသည့် ဧကအား တစ်ဖက်ပါအတိုင်းဖော်ပြအပ်ပါသည်-

| စဉ် | မြေအမျိုးအစား | ဧရိယာ(ဧက) |
|---|---|---|
| ၁ | အသားတင်စိုက်ပျိုးမြေဧရိယာပေါင်း | ၂၂၂၅၀၅ |
| | (က) လယ်မြေဧရိယာ | ၇၄၉၈၉ |
| | ( ခ) ယာမြေ | ၂၁၆ |
| | ( ဂ) ကိုင်း/ကျွန်းမြေ | ၆၃၃ |
| | ( ဃ) ဥယျာဉ်မြေ | ၁၃၆၅၃၇ |
| | ( င) ဓနို | - |
| | (စ)တောင်ယာမြေ | ၁၀၁၃၀ |
| ၂ | လုပ်ထားးမြေဧရိယာပေါင်း | **၈၆၁၅** |
| | (က) လယ်မြေဧရိယာ | ၈၆၁၅ |
| | ( ခ) ယာမြေ | |
| | ( ဂ) ကိုင်း/ကျွန်းမြေ | - |
| | ( ဃ) ဥယျာဉ်မြေ | - |
| | ( င) ဓနို | - |
| ၃ | စားကျက်မြေ | ၄၂ |
| ၄ | စက်မှုလုပ်ငန်းသုံးမြေ | ၃ |
| ၅ | မြို့မြေ | ၁၂၆၁ |
| ၆ | ရွာမြေ | ၂၀၃၈ |
| ၇ | အခြားမြေ | ၁၁၈၇၇ |
| ၈ | ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တော ဧရိယာ | ၅၅၂၇၇၀ |
| ၉ | တောရိုင်း | ၁၁၂၁၈၆၃ |
| ၁၀ | မြေရိုင်း | ၁၅၈၉၆ |
| ၁၁ | စိုက်ပျိုးခြင်းမပြုနိုင်သောဧရိယာ | ၂၉၇၇ |
| **စုစုပေါင်း** | | **၁၉၃၉၈၄၇** |

**ဆည်မြောင်းတာတမံများနှင့် ဆည်ရေသောက်ဧရိယာ**

၂၃။ ကြာအင်းဆိပ်ကြီးမြို့နယ်ရှိ ဆည်မြောင်း တာတမံများနှင့် ဆည်ရေသောက် ဧရိယာမှာ အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

(က) **ကိုယ့်အားကိုယ်ကိုးဆည်များ**

| **စဉ်** | **မြို့နယ်/ မြို့** | **ဆည် အမည်** | **ဆည်အမျိုး အစား** | **ရေဝင်ဆံ့မှု (ကုဗပေ)** | **အကျိုးပြု ဧက** |
|---|---|---|---|---|---|
| ၁ | ကြာအင်း ဆိပ်ကြီး | - | - | - | - |
| ၂ | ကျိုက်ဒုံ | - | - | - | - |
| ၃ | ဘုရား သုံးဆူ | - | - | - | - |
| **မြို့နယ်ချုပ်** | | **------------- မရှိပါ -------------** | | | |

## (ခ) မြစ်ရေတင်စီမံကိန်းများ

| စဉ် | မြို့နယ်/ မြို့ | စီမံကိန်း အမည် | တည်နေရာ | အကျိုးပြု ဧက | မှတ် ချက် |
|---|---|---|---|---|---|
| ၁ | ကြာအင်း ဆိပ်ကြီး | - | - | - | - |
| ၂ | ကျိုက်ဒုံ | - | - | - | - |
| ၃ | ဘုရား သုံးဆူ | - | - | - | - |
| **မြို့နယ်ချုပ်** | | **-------------- မရှိပါ --------------** | | | |

## (ဂ) တာတမံများ/ရေထိန်းတံခါး

| စဉ် | တာတမံ/ရေထိန်းတံခါး | | | ကာကွယ်သည့် မြစ်/ချောင်း | အကျိုးပြု ဧက |
|---|---|---|---|---|---|
| | **အမည်** | **အမျိုးအစား** | **အရှည် (ပေ)** | | |
| ၁ | ဝင်းကဘို | ရေလွှဲဆည် | ၁၀၀ | ဝင်းကဘိုချောင်း | ၁၃၉ |
| ၂ | လှိုင်ကထော် | ရေတံခါး | ၃၀ | လှိုင်ကထော် ချောင်း | ၄၉ |
| | **၂** | **၂** | | **၂** | **၁၈၈** |

## စိုက်ပျိုးရေးလုပ်ငန်း

၂၄။ ကြာအင်းဆိပ်ကြီးမြို့နယ်၏ စိုက်ပျိုးရေးလုပ်ငန်းဆောင်ရွက်နိုင်မှု အခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) **အဓိကသီးနှံ(၁၀)မျိုး စိုက်ပျိုးထုတ်လုပ်မှု**

| စဉ် | သီးနှံအမည် | ၂၀၁၉-၂၀၂၀ ခုနှစ် | | | | | |
|---|---|---|---|---|---|---|---|
| | | လျာထားဧက | | စိုက် | ရိတ် | နှုန်း | အထွက်(တင်း) |
| ၁ | စပါးပေါင်း | နွေ | ၉၅၂၉ | - | - | - | - |
| | | မိုး | ၇၁၃၃၄ | ၅၄၈၁၆ | - | - | - |
| ၂ | မြေပဲ | မိုး | ၆၉၉ | ၇၂၅ | - | - | - |
| | | ဆောင်း | ၁၁၃၀ | - | - | - | - |
| ၃ | နှမ်း | မိုး | ၁၃၇၃ | ၁၃၇၃ | - | - | - |
| | | ဆောင်း | ၁၇၃၉၆ | - | - | - | - |
| ၄ | နေကြာ | - | ၁၆ | - | - | - | - |
| ၅ | မတ်ပဲ | - | ၁၈၂ | - | - | - | - |
| ၆ | ပဲတီစိမ်း | မိုး | - | - | - | - | - |
| | | ဆောင်း | ၁၄၁၅ | - | - | - | - |
| ၇ | ပဲစင်းငုံ | - | ၁၀၂ | ၁၀၂ | - | - | - |
| ၈ | ဝါ | - | - | - | - | - | - |
| ၉ | ကြံ | - | ၅၂၅ | ၁၇၈ | - | - | - |
| ၁၀ | အစေ့ထုတ်ပြောင်း | မိုး | ၁၅ | - | - | - | - |
| | | ဆောင်း | ၅၀ | - | - | - | - |

## (ခ) နှစ်ရှည်သီးနှံစိုက်ပျိုးမှုအခြေအနေ

| စဉ် | သီးနှံအမည် | စိုက် (ဧက) | ရိတ် (ဧက) | အထွက်နှုန်း (ပိဿာ) | အထွက်ပေါင်း (ပိဿာ) |
|---|---|---|---|---|---|
| ၁ | သစ်ဆိမ့် | ၂၀ | - | - | - |
| ၂ | ရာဘာ | ၁၁၀၈၉၅ | ၈၄၆၆၇ | - | - |
| ၃ | ငရုပ်ကောင်း | ၂၈၂၇ | - | - | - |
| ၄ | စားကြံ | ၄၂၂ | - | - | - |
| ၅ | ကော်ဖီ | ၈၈ | - | - | - |
| ၆ | လက်ဖက် | - | - | - | - |
| ၇ | ကွမ်းသီး | ၁၅၀၄၅ | - | - | - |
| ၈ | ကွမ်းရွက် | ၁၇၂ | ၁၇၂ | ၁၅၅၇.၈၁ | ၂၆၇၉၄၃ |
| ၉ | အုန်း | ၁၇၄၉ | ၁၀၂၁ | ၅၀၅၄ | ၅၆၆၅၂၆၇ |
| ၁၀ | သစ်သီးပင် | ၂၇၂၆၇ | ၁၀၃၄၄ | - | - |
| **မြို့နယ်ချုပ်** | | **၁၅၈၄၈၅** | **၉၆၂၀၄** | **၆၆၁၁.၈၁** | **၅၉၃၃၂၁၀** |

## (ဂ) အခြားစျေးကွက်ဝင်သီးနှံများစိုက်ပျိုးမှု

| စဉ် | သီးနှံအမည် | စိုက်ဧက | ရိတ်ဧက | အထွက်နှုန်း | အထွက်ပေါင်း |
|---|---|---|---|---|---|
| ၁ | ငရုပ်ကောင်း | ၂၈၂၇ | - | - | - |
| ၂ | ကော်ဖီ | ၈၈ | - | - | - |
| ၃ | ကွမ်းရွက် | ၁၇၂ | ၁၇၂ | ၁၅၅၇.၈၁ | ၂၆၇၉၄၃ |
| ၄ | ငှက်ပျော | ၂၄၄၉ | ၂၄၄၉ | ၂၀၃၂ | ၄၉၇၅၇၆၃ |
| ၅ | အုန်း | ၁၇၄၉ | ၁၀၂၁ | ၅၀၅၄ | ၅၆၆၅၂၆၇ |
| ၆ | ထန်း | ၃၆ | - | - | - |
| ၇ | ကွမ်းသီး | ၁၅၀၄၅ | - | - | - |
| ၈ | ကြက်ဆူ | ၃၅ | - | - | - |
| ၉ | ဟင်းသီးဟင်းရွက် | ၁၃၁၁ | ၁၃၁၁ | ၉၅၇.၆၁ | ၁၂၅၅၄၂၃ |
| **မြို့နယ်ချုပ်** | | **၂၃၇၁၂** | **၄၉၅၃** | **၉၆၀၁.၄၂** | **၁၂၁၆၄၃၉၆** |

## (ဃ) လယ်ယာသုံးစက်ကိရိယာ သုံးစွဲမှု

| စဉ် | အစိုးရ | | | | | | | ပုဂ္ဂလိက | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | လယ်ထွန်စက် | လက်တွန်းထွန်စက် | မျိုးစေ့ချစက် | Combine Havester | ရိတ်သိမ်းစက် | ချွေလှေ့စက် | ရေစုပ်စက် | လယ်ထွန်စက် | လက်တွန်းထွန်စက် | မျိုးစေ့ချစက် | Combine Havester | ရိတ်သိမ်းစက် | ချွေလှေ့စက် | ရေစုပ်စက် |
| ၁ | ၃ | ၇ | - | ၁ | ၁ | ၃ | ၁၇ | ၉ | ၂၆၅၃ | - | ၂ | ၂ | ၄၈ | ၃၂၃ |
| မြို့နယ်ချုပ် | ၃ | ၇ | - | ၁ | ၁ | ၃ | ၁၇ | ၉ | ၂၆၅၃ | - | ၂ | ၂ | ၄၈ | ၃၂၃ |

## (င) လယ်ယာသုံးထွန်၊ ထယ်နှင့်ကျွဲ၊နွားကောင်ရေ

| စဉ် | ထယ်အရေအတွက် | ထွန်အရေအတွက် | ကျွဲကောင်ရေ | နွားကောင်ရေ |
|---|---|---|---|---|
| ၁ | ၉၀၉၉ | ၆၈၃၀ | ၇၃၆၅ | ၄၆၉၆ |
| **မြို့နယ်ချုပ်** | **၉၀၉၉** | **၆၈၃၀** | **၇၃၆၅** | **၄၆၉၆** |

## (စ) ဒေသတွင်းဆန်ဖူလုံမှုရာခိုင်နှုန်း

| စဉ် | အကြောင်းအရာ | ရေတွက်ပုံ | ၂၀၁၈-၁၉ အမှန် | ၂၀၁၉-၂၀ အမှန် | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | လူဦးရေ | ဦး | ၂၅၇၆၀၃ | ၂၆၁၅၁၃ | |
| ၂ | လူတစ်ဦးတစ်နှစ်စားသုံးမှု | | | | |
| | -ကျေးလက်နေ | တင်း | ၁၅ | ၁၅ | |
| | -မြို့နေ | တင်း | ၁၂ | ၁၂ | |
| ၃ | ဝမ်းစာလိုအပ်ချက် | တင်း | ၃၇၆၆၅၇၅ | ၃၈၁၆၃၃၆ | |
| ၄ | စပါးစိုက်ကေပေါင်း | ဧက | ၈၀၈၃၀ | ၈၀၅၃၀ | |
| | -အထွက်နှုန်း | တင်း | ၆၇.၂၁ | ၆၄.၁၈ | |
| | -အထွက်တင်း | တင်း | ၅၄၃၂၂၅၉ | ၅၀၉၉၈၈၆ | |
| ၅ | လာမည့်နှစ် စပါးစိုက်ကေ | ဧက | ၈၁၆၅၉ | ၈၀၈၆၃ | |
| ၆ | ချန်လှပ်ရမည့်တင်း | တင်း | ၄၁၇၀၇၂၅ | ၄၂၁၈၉၈၆ | |
| ၇ | အသုံးပြုတင်း | တင်း | ၄၁၇၀၇၂၅ | ၄၂၁၈၉၈၆ | |
| ၈ | ပိုလျှံမှု | တင်း | ၁၂၆၁၅၃၄ | ၈၈၀၉၀၀ | |
| ၉ | ဝမ်းစာကျန်ရှိမှု | တင်း | ၁၂၆၁၅၃၄ | ၈၈၀၉၀၀ | |
| ၁၀ | ဖူလုံမှု | % | ၁၃၁.၃၂ | ၁၂၀.၈၈ | |

(ဆ) **ဒေသတွင်းဆီဖူလုံမှုရာခိုင်နှုန်း**

| စဉ် | အကြောင်းအရာ | ရေတွက်ပုံ | ၂၀၁၈-၁၉ အမှန် | ၂၀၁၉-၂၀ အမှန် | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | လူဦးရေ | ဦး | ၂၅၇၆၀၃ | ၂၆၁၅၁၃ | |
| ၂ | လူတစ်ဦး တစ်နှစ်စားသုံးမှု | ပိဿာ | ၆ | ၆ | |
| | ဝမ်းစာလိုအပ်ချက် | တန် | ၂၅၂၁ | ၂၅၅၅ | |
| | ဆီထွက်ရှိမှု | တင်း | ၃၆၂၁၄၅ | ၃၇၅၄၀၃ | |
| ၃ | အလေအလွင့်နှင့် အခြား | တင်း | ၂၈၆၉၅ | ၂၉၄၆၂ | |
| ၄ | ချန်လှပ်ရမည့်တင်း | ဧက | ၈၄၂၇၇ | ၉၉၇၄၃ | |
| | အသုံးပြုမှု | မက်/တန် | ၂၅၂၁ | ၂၅၅၅ | |
| | လိုအပ်မှု | မက်/တန် | +၉၆ | +၁၀၁ | |
| ၅ | ဖူလုံမှု | ရာခိုင်နှုန်း | ၉၉.၆၉% | ၁၀၆.၆၅% | |

## မွေးမြူရေးလုပ်ငန်းများ

၂၅။ ကြာအင်းဆိပ်ကြီးမြို့နယ်၏မွေးမြူရေးလုပ်ငန်းဆောင်ရွက်နိုင်မှုအခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) **မွေးမြူရေးဇုန်များ**

| စဉ် | ဇုန်အမည် | ကျွဲ | နွား | ဝက် | သိုး/ဆိတ် | ကြက် | ဘဲ | ငုံး |
|---|---|---|---|---|---|---|---|---|
| ၁ | - | - | - | - | - | - | - | - |
| မြို့နယ်ချုပ် | | ----------------- မရှိပါ ----------------- | | | | | | |

## (ခ) မြို့နယ်မွေးမြူရေး (ကောင်ရေ)

| စဉ် | မြို့နယ်/ မြို့ | ခုနှစ် | ကျွဲ | နွား | ဝက် | သိုး/ ဆိတ် | ကြက် | ဘဲ | ငုံး |
|---|---|---|---|---|---|---|---|---|---|
| ၁ | ကြာအင်း ဆိပ်ကြီး | ၂၀၁၉- ၂၀၂၀ | ၈၅၅၂ | ၃၁၇၆၄ | ၂၇၂၈၆ | ၂၄၃၇၀ | ၂၄၆၆၂၃ | ၇၀၆၇ | |
| ၂ | ကျိုက်ဒုံ | ၂၀၁၉- ၂၀၂၀ | ၂၇၇၃ | ၆၂၅၃ | ၄၈၄၄ | ၁၃၁၀ | ၂၉၅၅၉ | ၁၉၇၆ | - |
| ၃ | ဘုရား သုံးဆူ | ၂၀၁၉- ၂၀၂၀ | ၂၈၂၈ | ၆၄၄၅ | ၅၂၄၈ | ၃၃၆၇ | ၃၆၉၁၂ | ၂၂၅၈ | - |
| **မြို့နယ်ချုပ်** | | **၂၀၁၉- ၂၀၂၀** | **၁၄၁၅၃** | **၄၄၄၆၂** | **၃၇၃၇၈** | **၂၉၀၄၇** | **၃၁၃၀၉၄** | **၁၁၃၀၁** | **-** |

## (ဂ) မြို့နယ်အသားထုတ်လုပ်မှု (ပိဿာ)

| စဉ် | မြို့နယ် | ခုနှစ် | ကျွဲ | နွား | ဝက် | သိုး/ ဆိတ် | ကြက် | ဘဲ | ငုံး |
|---|---|---|---|---|---|---|---|---|---|
| ၁ | ကြာအင်း ဆိပ်ကြီး | ၂၀၁၉- ၂၀၂၀ | - | ၁၀၈၆၂၅ | ၃၆၂၈၃၀ | ၁၉၃၁၃ | ၄၈၂၄၄၄ | ၆၄၁၂၁ | - |
| ၂ | ကျိုက်ဒုံ | ၂၀၁၉- ၂၀၂၀ | - | ၃၆၃၂၁ | ၁၂၀၉၃၆ | ၆၄၂၆ | ၁၆၇၄၆၆ | ၁၄၄၉ | - |
| ၃ | ဘုရား သုံးဆူ | ၂၀၁၉- ၂၀၂၀ | - | ၃၆၃၂၁ | ၁၂၀၉၃၆ | ၆၄၂၆ | ၁၆၇၄၆၆ | ၁၆၃၈၃ | - |
| **မြို့နယ်ချုပ်** | | **၂၀၁၉- ၂၀၂၀** | **-** | **၁၈၁၂၆၇** | **၆၀၄၇၀၂** | **၃၂၁၆၅** | **၈၁၇၃၇၆** | **၈၁၉၅၃** | **-** |

## (ဃ) မြို့နယ်ကြက်/ဘဲ/ငုံးဥထုတ်လုပ်မှု (လုံး)

| စဉ် | မြို့နယ် | ခုနှစ် | ကြက်ဥ | ဘဲဥ | ငုံးဥ |
|---|---|---|---|---|---|
| ၁ | ကြာအင်းဆိပ်ကြီး | ၂၀၁၉-၂၀၂၀ | ၁၄၄၆၁ | ၂၉၀၉၉၉၅ | - |
| ၂ | ကျိုက်ဒုံ | ၂၀၁၉-၂၀၂၀ | ၁၈၁၃၆ | ၉၆၉၉၈၄ | - |
| ၃ | ဘုရားသုံးဆူ | ၂၀၁၉-၂၀၂၀ | ၈၁၃၆ | ၉၆၉၉၈၄ | - |
| **မြို့နယ်ချုပ်** | | **၂၀၁၉-၂၀၂၀** | **၄၀၇၃၃** | **၄၈၄၉၉၆၃** | **-** |

## (င) မြို့နယ်နို့ထွက်ပစ္စည်းထုတ်လုပ်မှု

| စဉ် | မြို့နယ် | ခုနှစ် | နို့စားနွား (ကောင်ရေ) | နို့ထွက် (ပိဿာ) |
|---|---|---|---|---|
| ၁ | ကြာအင်းဆိပ်ကြီး | ၂၀၁၉-၂၀၂၀ | ၉ | ၁၃၀၄ |
| ၂ | ကျိုက်ဒုံ | ၂၀၁၉-၂၀၂၀ | - | - |
| ၃ | ဘုရားသုံးဆူ | ၂၀၁၉-၂၀၂၀ | ၂၀ | ၁၈၀၄၈၆၃ |
| **မြို့နယ်ချုပ်** | | **၂၀၁၉-၂၀၂၀** | **၂၉** | **၁၈၀၆၁၆၇** |

## (စ) မြို့နယ်ငါး၊ ပုစွန်မွေးမြူမှု အခြေအနေ

| စဉ် | ခုနှစ် | ငါး | | | ပုစွန် | | |
|---|---|---|---|---|---|---|---|
| | | အရေအတွက် (ကန်) | ဧက | ထုတ်လုပ်မှု ပိဿာ | အရေအတွက် (ကန်) | ဧက | ထုတ်လုပ်မှု ပိဿာ |
| ၁ | ၂၀၁၉-၂၀၂၀ | ၃၂ | ၃၇ | ၃၉၈၅၀၀ | - | - | - |
| **မြို့နယ်ချုပ်** | | ၃၂ | ၃၇ | **၃၉၈၅၀၀** | **-** | **-** | **-** |

(ဆ) **ရေချိုရေငန်ငါးဖမ်းလုပ်ငန်းမှအသားထုတ်လုပ်မှု(တန်)**

| စဉ် | ခုနှစ် | ငါး | | | ပုဇွန် | | |
|---|---|---|---|---|---|---|---|
| | | လေလံအရေအတွက် | လုပ်ငန်းအရေအတွက် | ထုတ်လုပ်မှု (တန်) | လေလံအရေအတွက် | လုပ်ငန်းအရေအတွက် | ထုတ်လုပ်မှု (တန်) |
| ၁ | ၂၀၁၉-၂၀၂၀ | - | ၁၆ | ၆၅၀.၆ | - | - | - |
| **မြို့နယ်ချုပ်** | | **-** | **၁၆** | **၆၅၀.၆** | **-** | **-** | **-** |

**စက်မှုလက်မှုလုပ်ငန်း**

၂၆။ ကြာအင်းဆိပ်ကြီးမြို့နယ်၏ စက်မှုလက်မှုလုပ်ငန်း ဆောင်ရွက်နိုင်မှု အခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) **စက်မှုဇုန်များ**

| **စဉ်** | **မြို့နယ်/မြို့** | **စက်မှုဇုန်အမည်** | **စက်ရုံအမည်** | **ထုတ်လုပ်သည့်ပစ္စည်းများ** |
|---|---|---|---|---|
| ၁ | ကြာအင်းဆိပ်ကြီး | - | - | - |
| ၂ | ကျိုက်ဒုံ | - | - | - |
| ၃ | ဘုရားသုံးဆူ | - | - | - |
| **မြို့နယ်ချုပ်** | | **---------------- မရှိပါ -------------** | | |

(ခ) **မြို့နယ်ရှိစက်ရုံများ**

| စဉ် | မြို့နယ်/ မြို့ | စက်ရုံ အမည် | အမျိုး အစား | နိုင်ငံ ပိုင် | ပုဂ္ဂလိ ကပိုင် | လုပ်သား အင်အား |
|---|---|---|---|---|---|---|
| ၁ | ကြာအင်း ဆိပ်ကြီး | - | - | - | - | - |
| ၂ | ကျိုက်ဒုံ | - | - | - | - | - |
| ၃ | ဘုရား သုံးဆူ | - | - | - | - | - |
| **မြို့နယ်ချုပ်** | | ----------------- မရှိပါ ----------------- | | | | |

(ဂ) **မြို့နယ်ရှိအလုပ်ရုံများ**

| စဉ် | မြို့နယ်/ မြို့ | အလုပ်ရုံ အမည် | အမျိုး အစား | နိုင်ငံ ပိုင် | ပုဂ္ဂလိ ကပိုင် | လုပ်သား အင်အား |
|---|---|---|---|---|---|---|
| ၁ | ကြာအင်း ဆိပ်ကြီး | - | - | - | - | - |
| ၂ | ကျိုက်ဒုံ | - | - | - | - | - |
| ၃ | ဘုရား သုံးဆူ | - | - | - | - | - |
| **မြို့နယ်ချုပ်** | | ----------------- မရှိပါ ----------------- | | | | |

## (ဃ) အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများ

| စဉ် | မြို့နယ်/မြို့ | | စက်မှုလက်မှုလုပ်ငန်း အမျိုးအစား | အရေ အတွက် | လုပ်သား အင်အား |
|---|---|---|---|---|---|
| ၁ | ကြာအင်း ဆိပ်ကြီး | ၁ | စက်ချုပ်လုပ်ငန်း | ၂၈ | ၃၉ |
| | | ၂ | ပန်းတိမ်လုပ်ငန်း | ၆ | ၁၈ |
| | | ၃ | ပန်းဘဲ | ၃ | ၇ |
| | | ၄ | မုန့်လုပ်ငန်း | ၄ | ၄၁ |
| | | ၅ | တွင်ခုံလုပ်ငန်း | ၃ | ၄ |
| | | ၆ | ယက်ကန်းလုပ်ငန်း | ၂ | ၂ |
| | | ၇ | ရေသန့်လုပ်ငန်း | ၅ | ၃၉ |
| | | | **ပေါင်း** | **၅၁** | **၁၅၀** |
| ၂ | ကျိုက်ဒုံ | ၁ | စက်ချုပ်လုပ်ငန်း | ၁၁ | ၁၈ |
| | | ၂ | ပန်းတိမ်လုပ်ငန်း | ၂ | ၃ |
| | | ၃ | မုန့်လုပ်ငန်း | ၃ | ၁၀ |
| | | ၄ | ယက်ကန်းလုပ်ငန်း | - | - |
| | | ၅ | ရေသန့်လုပ်ငန်း | ၂ | ၆ |
| | | | **ပေါင်း** | **၁၈** | **၃၇** |
| ၃ | ဘုရား သုံးဆူ | ၁ | စက်ချုပ်လုပ်ငန်း | ၉ | ၁၂၁ |
| | | ၂ | ပန်းတိမ်လုပ်ငန်း | - | - |
| | | ၃ | မုန့်လုပ်ငန်း | - | - |
| | | ၄ | တွင်ခုံလုပ်ငန်း | ၅ | ၅ |
| | | ၅ | ယက်ကန်းလုပ်ငန်း | - | - |
| | | ၆ | ယွန်းထည်လုပ်ငန်း | ၁ | ၆ |
| | | ၇ | ပရိဘောဂလုပ်ငန်း | ၁၆ | ၈၀ |
| | **ပေါင်း** | | | **၃၁** | **၂၁၂** |
| | **မြို့နယ်ချုပ်** | | | **၁၀၀** | **၃၉၉** |

## သစ်တောလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

၂၇။ ကြာအင်းဆိပ်ကြီးမြို့နယ်၏ သစ်တောလုပ်ငန်းနှင့် ပတ်သက်သော အချက်အလက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

### (က) သစ်တောများ

| စဉ် | အကြောင်းအရာ | ဧရိယာ(ဧက) | ပေါက်သည့်အပင်များ |
|---|---|---|---|
| ၁ | ကြိုးဝိုင်း | ၃၆၂၉၀၂ | ပျဉ်းကတိုး၊ပိတောက်၊ အင်ကြင်း၊ အင်၊ နဘဲ၊ ဖက်ဝန်း၊ ဖန်ခါး၊ သရက်၊ ထောက်ကြံ့၊ ယမနေ၊ ရုံး၊ ဇင်ပွန်း၊ ဒီဒူး၊ လယ်ဇ၊ ဇောင်း၊ ပလွေ၊ ပိန္နဲ |
| ၂ | ကြိုးပြင် | ၁၃၂၀၉၂ | |
| ၃ | သဘာဝထိန်း သိမ်းရေးနယ်မြေ | ၉၂၀၁၆ | |
| မြို့နယ်ချုပ် | | ၅၈၇၀၁၀ | |

### (ခ) စီးပွားဖြစ်သစ်တောစိုက်ခင်း

| စဉ် | မြို့နယ်/ မြို့ | စိုက်ပျိုးသူ | နိုင်ငံ/ ပုဂ္ဂလိကပိုင် | စိုက်ဧက | တည်နေရာ | အပင်အမျိုးအစား | အရေအတွက် |
|---|---|---|---|---|---|---|---|
| ၁ | ကြာအင်းဆိပ်ကြီး | - | - | - | - | - | - |
| ၂ | ကျိုက်ဒုံ | - | - | - | - | - | - |
| ၃ | ဘုရားသုံးဆူ | - | - | - | - | - | - |
| မြို့နယ်ချုပ် | | ---------------- မရှိပါ ---------------- | | | | | |

(ဂ) **သစ်ထုတ်လုပ်မှု**

| စဉ် | မြို့နယ်/ မြို့ | အမျိုးအစား | နိုင်ငံပိုင် | ပုဂ္ဂလိကပိုင် | ထုတ်လုပ်မှု (တန်) |
|---|---|---|---|---|---|
| ၁ | ကြာအင်းဆိပ်ကြီး | - | - | - | - |
| ၂ | ကျိုက်ဒုံ | - | - | - | - |
| ၃ | ဘုရား သုံးဆူ | - | - | - | - |
| **မြို့နယ်ချုပ်** | | **---------------- မရှိပါ -------------** | | | |

(ဃ) **သစ်တောထွက်ပစ္စည်းများ**

| စဉ် | အမျိုးအစား | ရေတွက်ပုံ | ထုတ်လုပ်မှု |
|---|---|---|---|
| ၁ | ထင်း | ကုဗတန် | ၁၆၀၀ |
| ၂ | မီးသွေး | ကုဗတန် | ၁၁၅၀ |
| ၃ | ဝါး | လုံး(၀၀၀) | ၁၅၀ |
| ၄ | ကြိမ် | လုံး(၀၀၀) | - |
| ၅ | ရှားစေး | ပိဿာ | - |
| ၆ | သစ်ခေါက် | ပိဿာ | - |
| ၇ | သစ်ခွ | ပိဿာ | - |
| ၈ | သနပ်ခါး | ပိဿာ | - |
| ၉ | ဖာလာစေ့ | ပိဿာ | ၁၃၀၀ |
| ၁၀ | ပျားရည် | ပိဿာ | ၂၆၀ |
| ၁၁ | ဓနိ | ဗျစ် | ၁၆၀ |

## တွင်းထွက်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်း

၂၈။ ကြာအင်းဆိပ်ကြီးမြို့နယ်၏ တွင်းထွက်ပစ္စည်း ထုတ်လုပ်မှု လုပ်ငန်းနှင့်ပတ်သက်သော အချက်အလက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) **ဓါတ်သတ္တုတူးဖော်ထုတ်လုပ်မှု**

| စဉ် | ဓါတ်သတ္တု အမျိုးအစား | ထွက်ရှိသည့် ဒေသ | ထုတ်လုပ်မှု ပမာဏ | ထုတ်လုပ်မှု တန်ဘိုး (ကျပ်သန်းပေါင်း) |
|---|---|---|---|---|
| ၁ | - | - | - | - |
| မြို့နယ်ချုပ် | | ------------- မရှိပါ ------------- | | |

(ခ) **ကျောက်မျက်တူးဖော်ထုတ်လုပ်မှု**

| စဉ် | လုပ်ငန်းတည်နေရာ | ကျောက်မျက်ရတနာအမျိုးအစား | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| | | ရွှေ | ငွေ | ကျောက်စိမ်း | နီလာ | စိန် | ပတ္တမြား | ပုလဲ | စသည့် |
| ၁ | - | - | - | - | - | - | - | - | - |
| မြို့နယ်ချုပ် | | ------------- မရှိပါ ------------- | | | | | | | |

## စွမ်းအင်နှင့်လျှပ်စစ်ကဏ္ဍ

၂၉။ ကြာအင်းဆိပ်ကြီးမြို့နယ်၏ စွမ်းအင်/လျှပ်စစ်ကဏ္ဍနှင့် ပတ်သက်သော အချက်အလက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) **ဓါတ်ဆီ/ဒီဇယ်အရောင်းဆိုင်များ**

| စဉ် | မြို့နယ်/ မြို့ | ဆိုင်အမည် | နိုင်ငံပိုင် | ပုဂ္ဂလိကပိုင် | တစ်နေ့စ်ရောင်းချမှု စည်ပေါင်း | |
|---|---|---|---|---|---|---|
| | | | | | ဓါတ်ဆီ | ဒီဇယ် |
| ၁ | ကြာအင်း ဆိပ်ကြီး | ပွင့်ဦး(၃) | | √ | ၅၀၀ | ၂၈၀ |
| | | မေမျိုး | | √ | ၃၅၀ | ၁၃၅ |
| | | SPA | | √ | ၅၀၀ | ၄၀၀ |
| | | ကိုဘဲဥ | | √ | ၁၄၀ | ၅၀ |
| | | ကြယ်ကောင်းကင် | | √ | ၁၅၀ | ၃၀၀ |
| | | ငွေကြယ် | | √ | ၁၄၀ | ၅၀ |
| ၂ | ဘုရား သုံးဆူ | မြပန်း | | √ | ၅၁ | ၅၆ |
| | | ရောပုဂံ | | √ | ၁၂ | ၁၀ |
| | | ရာမည | | √ | ၄ | ၆ |
| | | အောင်မင်္ဂလာ | | √ | ၁၇၀၀ | ၁၆၈၀ |
| | | ဇမိဓွဲ | | √ | ၄ | ၃ |
| | | PTT | | √ | - | - |
| | | ဆွေတော်သစ် | | √ | ၂၇ | ၂၅ |
| | | ရွှေချိုးဖြူ | | √ | ၁၀ | ၈ |
| | | အောင်သပြေ | | √ | ၉၅၀ | ၈၄၀ |
| **မြို့နယ်ချုပ်** | | **၁၅** | | **၁၅** | **၄၅၃၈** | **၃၈၄၃** |

(ခ) **သဘာဝဓါတ်ငွေ့အရောင်းဆိုင်များ**

| စဉ် | သဘာဝဓါတ်ငွေ့ဆိုင်အမည် | နိုင်ငံပိုင် | ပုဂ္ဂလိကပိုင် | တစ်နှစ်ရောင်းရကုဗပေပေါင်း |
|---|---|---|---|---|
| ၁ | - | - | - | - |
| မြို့နယ်ချုပ် | | ----------- မရှိပါ ----------- | | |

**ပို့ဆောင်ရေးနှင့် လမ်းပန်းဆက်သွယ်ရေးလုပ်ငန်း**

၃၀။ ကြာအင်းဆိပ်ကြီးမြို့နယ်၏ ပို့ဆောင်ရေးနှင့် လမ်းပန်းဆက်သွယ်ရေး လုပ်ငန်းနှင့်ပတ်သက်သော အချက်အလက်များမှာ တစ်ဖက်ပါအတိုင်း ဖြစ်ပါသည်-

(က) **လေကြောင်းလမ်း**

| စဉ် | မြို့နယ် | လေဆိပ်/ရဟတ်ယာဉ်ကွင်းအမည် | တည်နေရာ | မှတ်ချက် |
|---|---|---|---|---|
| ၁ | ကြာအင်းဆိပ်ကြီး | - | - | |
| ၂ | ကျိုက်ဒုံ | - | - | |
| ၃ | ဘုရားသုံးဆူ | - | - | |
| မြို့နယ်ချုပ် | | ------------ မရှိပါ ----------- | | |

## ( ခ )    ရေကြောင်းလမ်း

| စဉ် | ရေကြောင်းလမ်း အမည် | မြို့နယ်အတွင်း | | အရှည် ရေမိုင် | ဆိပ်ကမ်း အရေအတွက် | |
|---|---|---|---|---|---|---|
| | | မှ | ထိ | | သင်္ဘောဆိပ် | အခြား |
| ၁ | ကြာအင်းဆိပ်ကြီး-မော်လမြိုင် | ကြာအင်းဆိပ်ကြီး | သံပုရာ | ၁၂ | - | - |
| ၂ | ကြာအင်းဆိပ်ကြီး-ဘုရားသုံးဆူ | ကြာအင်းဆိပ်ကြီး | ချောင်းဆုံ | ၇၅ | - | - |
| မြို့နယ်ချုပ် | | | | ၈၇ | | |

## (ဂ)    ရထားလမ်းနှင့် ဘူတာရုံများ

| စဉ် | ရထားလမ်း အမည် | မြို့နယ်အတွင်း | | အရှည် မိုင် | ဘူတာ အရေအတွက် | |
|---|---|---|---|---|---|---|
| | | မှ | ထိ | | ကြီး | သေး |
| ၁ | - | - | - | - | - | - |
| မြို့နယ်ချုပ် | ---------------- မရှိပါ ---------------- | | | | | |

**(ဃ) ကားဂိတ်များ**

| စဉ် | မြို့နယ်/ မြို့ | ကားဂိတ် အမည် | ပြေးဆွဲသည့် ခရီးစဉ် | ပြေးဆွဲသည့် ယာဉ် အမျိုးအစား | ပြေးဆွဲ သည့်ယာဉ် စီးရေ |
|---|---|---|---|---|---|
| | | သိန်းသန်း ကျော် | ကြာအင်းဆိပ်ကြီး– ရန်ကုန် | Express | ၂ |
| | | ရတနာ | ကြာအင်းဆိပ်ကြီး– ရန်ကုန် | Express | ၂ |
| | | ရွှင်လန်း | ကြာအင်းဆိပ်ကြီး – မော်လမြိုင် | Express | ၂ |
| | | ဇမိဇွဲ | ကြာအင်းဆိပ်ကြီး – မုဒုံ | Hilux လိုက်ထရက်စ် | ၂၃ |
| | | ဆင်ဖြူ တော် | ကြာအင်းဆိပ်ကြီး – မုဒုံ | Hilux လိုက်ထရက်စ် | ၁၀ ၁၁ |
| | | သန့်မြန်သူ | ကြာအင်းဆိပ်ကြီး – မုဒုံ | Hilux လိုက်ထရက်စ် | ၂ ၆ |
| | | ကြယ်တံခွန် | ဘုရားသုံးဆူ– ကြာအင်းဆိပ်ကြီး | မှန်လုံယာဉ် (သေး) | ၁ |
| **မြို့နယ်ချုပ်** | | **၇** | | | **၅၉** |

## လမ်းဦးစီးဌာနနှင့် တံတားဦးစီးဌာနများမှ ဆောင်ရွက်သည့်လုပ်ငန်းများ

၃၁။ လမ်းဦးစီးဌာနမှ ဆောင်ရွက်သည့်လုပ်ငန်းများမှာအောက်ပါ အတိုင်းဖြစ်ပါသည်–

(က) **ကားလမ်း**

| စဉ် | ကားလမ်းအမည် | မြို့နယ်အတွင်း | | အရှည်မိုင် |
|---|---|---|---|---|
| | | မှ | ထိ | |
| ၁ | ကြာအင်းဆိပ်ကြီး– ချောင်းနှစ်ခွလမ်း | ကြာအင်း ဆိပ်ကြီး | မရိကလ | (၁၅)မိုင် |
| ၂ | ကြာအင်းဆိပ်ကြီး– ကော့ကရိတ်လမ်း | ကြာအင်း ဆိပ်ကြီး | မဲသရော | (၁၂)မိုင် |
| ၃ | ကြာအင်းဆိပ်ကြီး– ကျိုက်ဒုံ | ကြာအင်း ဆိပ်ကြီး | ကျိုက်ဒုံ | (၂၈)မိုင် |
| ၄ | ကြာအင်းဆိပ်ကြီး– ဘုရားသုံးဆူ | ကြာအင်း ဆိပ်ကြီး | ဘုရား သုံးဆူ | (၅၈)မိုင် ( ၄ )ဖာလုံ |
| ၅ | ဘုရားသုံးဆူ– သံဖြူဇရပ်လမ်း | ရဲတံခွန် | ဇီးပင်လမ်းဆုံ | (၆၃)မိုင် ( ၃ )ဖာလုံ |
| ၆ | ကျိုက်ဒုံ–စုကလိလမ်း | ကျိုက်ဒုံ | စုကလိ နယ်စပ် | (၂၀)မိုင် |
| ၇ | မုဒုံ–ဘုရားငါးဆူ– တံခွန်တိုင်–ဖားပြ– အနန်းကွင်းလမ်း | ဘုရားငါး ဆူ | အနန်းကွင်း | (၃၂)မိုင် |
| ၈ | အဘစ်–တခွန်တိုင်လမ်း | နယ်စပ် | တံခွန်တိုင် | (၅)မိုင် |
| ၉ | ကော့ကရိတ်–မဲသရော– ခုတ်ခွား–ကျိုက်ဒုံလမ်း | မဲသရော | ခုတ်ခွား | (၁၄)မိုင် (၂)ဖာလုံ |
| | **မြို့နယ်ချုပ်** | **( ၉ ) လမ်း** | | **(၂၄၈)မိုင် (၁) ဖာလုံ** |

## (ခ) မြို့နယ်ချင်းဆက်လမ်းများ

| စဉ် | လမ်းအမည် | အရှည် (မိုင်-ဖာလုံ) | အမျိုးအစား | | | |
|---|---|---|---|---|---|---|
| | | | ကတ္တရာ | ကျောက်ချော | အမာခံလမ်း | ကွန်ကရစ် |
| ၁ | ကြာအင်းဆိပ်ကြီး-ချောင်းနှစ်ခွလမ်း | ၁၃-၃ | ၁၃-၃ | - | - | - |
| ၂ | ကြာအင်းဆိပ်ကြီး-ဘုရားသုံးဆူလမ်း | ၅၀-၅ | ၁၀-၀ | - | - | ၄၀-၅ |
| ၃ | ကြာအင်းဆိပ်ကြီး-တဂေး-ခုတ်ခွား-ကျိုက်ဒုံလမ်း | ၂၈-၀ | ၉-၀ | ၆ | ၁၃ | - |
| ၄ | ကြာအင်းဆိပ်ကြီး-မဲသရောလမ်း | ၁၂-၀ | ၈-၄ | - | ၃-၄ | - |
| ၅ | ကော့ကရိတ်-မဲသရော-ခုတ်ခွားလမ်း (မဲသရော-ခုတ်ခွားအပိုင်း) | ၁၁-၂ | - | - | ၁၁-၂ | |
| ၆ | အဘစ်-တံခွန်တိုင်လမ်း | ၅-၀ | ၁-၃ | ၁-၁ | ၂-၄ | - |
| ၇ | ဘုရားငါးဆူ-တံခွန်တိုင်-တောင်ဒီး-ဖားပြ-အနန်းကွင်းလမ်း | ၃၀-၀ | ၂၅-၆ | - | ၄-၂ | - |
| **(၇) လမ်း** | | | | | | |

**( ဂ )     လမ်း/ တံတားအသုံးပြုခကောက်ခံသည့်လုပ်ငန်း**

| စဉ် | တိုးဂိတ် အမည် | တည် နေရာ | လမ်း/ တံတားအရှည် | | ကုမ္ပဏီ/ အဖွဲ့ အစည်း/ လူပုဂ္ဂိုလ် |
|---|---|---|---|---|---|
| | | | မှ | ထိ | |
| ၁ | - | - | - | - | - |
| မြို့နယ်ချုပ် | | ------------- မရှိပါ -------------- | | | |

**ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း**

၃၂။ ကြာအင်းဆိပ်ကြီးမြို့နယ်ရှိ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းနှင့် ပတ်သက်သော အချက်အလက်များမှာ တစ်ဖက်ပါအတိုင်းဖြစ်ပါသည်-

(က) **ဟိုတယ်၊ မိုတယ်၊ အင်း၊ တည်းခိုခန်း**

**(၁) ဟိုတယ်**

| စဉ် | ဟိုတယ် အမည် | ဟိုတယ် | | အဆင့် | အခန်း ပေါင်း |
|---|---|---|---|---|---|
| | | နိုင်ငံပိုင် | ပုဂ္ဂလိကပိုင် | | |
| ၁ | - | - | - | - | - |
| မြို့နယ်ချုပ် | | -------------- မရှိပါ -------------- | | | |

**(၂) မိုတယ်၊ အင်း၊ တည်းခိုခန်း**

| စဉ် | မြို့နယ်/မြို့ | မိုတယ် အရေအတွက် | အင်း အရေအတွက် | တည်းခိုခန်း အရေ အတွက် |
|---|---|---|---|---|
| ၁ | ကြာအင်းဆိပ်ကြီး | - | - | ၁ |
| ၂ | ကျိုက်ဒုံ | - | - | - |
| ၃ | ဘုရားသုံးဆူ | - | - | ၁၁ |
| **မြို့နယ်ချုပ်** | | **-** | **-** | **၁၂** |

**(ခ) ကမ်းခြေနှင့် အပန်းဖြေနေရာများ**

| စဉ် | မြို့နယ်/မြို့ | ကမ်းခြေ/အပန်းဖြေ နေရာ အမည် | တည်နေရာ |
|---|---|---|---|
| ၁ | ကြာအင်းဆိပ်ကြီး | - | - |
| ၂ | ကျိုက်ဒုံ | - | - |
| ၃ | ဘုရားသုံးဆူ | - | - |
| **မြို့နယ်ချုပ်** | | ------------ မရှိပါ ------------ | |

**သမဝါယမအသင်းများ**

၃၃။ ကြာအင်းဆိပ်ကြီးမြို့နယ်တွင်ရှိသော သမဝါယမအသင်းများ မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | မြို့နယ်/ မြို့ | သမဝါယမ အသင်းပေါင်း | သမဝါယမ အသင်းစုပေါင်း | မှတ်ချက် |
|---|---|---|---|---|
| ၁ | ကြာအင်းဆိပ်ကြီး | ၁ | ၉၀ | |
| ၂ | ကျိုက်ဒုံ | - | - | |
| ၃ | ဘုရားသုံးဆူ | - | ၁ | |
| **မြို့နယ်ချုပ်** | | **၁** | **၉၁** | |

**စီးပွားရေးဆိုင်ရာ အခြေခံအဆောက်အဦများ**

၃၄။ ကြာအင်းဆိပ်ကြီးမြို့နယ်တွင်ရှိသော စီးပွားရေးဆိုင်ရာ အခြေခံအဆောက်အဦများမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

**(က) ကုမ္ပဏီ၊ကုန်စည်ဒိုင်၊ပွဲရုံများ၊ဈေးနှင့်ကုန်တိုက်များ**

**(၁) ကုမ္ပဏီများ**

| စဉ် | ကုမ္ပဏီအမည် | ဆောင်ရွက်သည့်လုပ်ငန်း | တည်နေရာ |
|---|---|---|---|
| ၁ | မြပန်း | ရေသန့်၊ လျှပ်စစ်မီး | ရတနာသိခ်လမ်း၊ အမှတ်(၃) ရပ်ကွက်၊ဘုရားသုံးဆူမြို့ |

**(၂) ကုန်စည်ဒိုင်များ**

| စဉ် | မြို့နယ်/ မြို့ | ကုမ္ပဏီအမည် | ဆောင်ရွက်သည့်လုပ်ငန်း | တည်နေရာ |
|---|---|---|---|---|
| ၁ | ကြာအင်းဆိပ်ကြီး | – | – | – |
| ၂ | ကျိုက်ဒုံ | – | – | – |
| ၃ | ဘုရားသုံးဆူ | – | – | – |
| **မြို့နယ်ချုပ်** | | -------------- မရှိပါ -------------- | | |

**(၃) ပွဲရုံများ**

| စဉ် | မြို့နယ်/မြို့ | ပွဲရုံအမည် | ရောင်းဝယ်သည့်ပစ္စည်းများ | တည်နေရာ |
|---|---|---|---|---|
| ၁ | ကြာအင်းဆိပ်ကြီး | – | – | – |
| ၂ | ကျိုက်ဒုံ | – | – | – |
| ၃ | ဘုရားသုံးဆူ | – | – | – |
| **မြို့နယ်ချုပ်** | | ------------ မရှိပါ ------------ | | |

## (၄) ဈေးများ

| စဉ် | မြို့နယ်/မြို့ | ဈေးအမည် | တည်နေရာ | မှတ်ချက် |
|---|---|---|---|---|
| ၁ | ကြာအင်းဆိပ်ကြီး | ဇမိရတနာ မြို့မဈေး | အမှတ်(၅)ရပ်ကွက်၊ စိုက်ပျိုးရေးလမ်း | |
| | | ရွှေပြည်သာယာဈေး | သံပုရာကျေးရွာ၊ သံပုရာကျေးရွာအုပ်စု | |
| ၂ | ကျိုက်ဒုံ | မြို့မဈေး | အမှတ်(၄)ရပ်ကွက်၊ ဘုရင့်နောင်လမ်း | |
